# ကျောင်းပတ်ဝန်းကျင်ဆိုင်ရာ ပဋိညာဉ်စာတမ်း

## Collaborative. Respectful. Communication.

## ပူးပေါင်းဆောင်ရွက်သော. လေးစားမှုရှိသော. ဆက်သွယ်ဆောင်ရွက်ခြင်း.

ကျွန်ုပ်တို့၏ သင်ကြားမှုပတ်ဝန်းကျင်ကို ပူးပေါင်း ဆောင်ရွက်သော၊ အထောက်အကူပြုသော၊ စည်းလုံးညီညွတ်မှုရှိသော ဝန်းကျင်တစ်ရပ် ဖြစ်လာစေရေးအတွက် NSW အစိုးရ စာသင်ကျောင်းများရှိ ကျောင်းသား/ ကျောင်းသူ များ၏ မိဘများ၊ ကျန်းမာရေးစောင့်ရှောက်သူ များ၊ သင်ကြားရေးဆရာ/ ဆရာမများနှင့် ကျောင်းဝန်ထမ်းများ၏ တာဝန်ဝတ္တရားများကို အောက်ဖော်ပြပါ ကျောင်းပတ်ဝန်းကျင်ဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် ဖော်ပြထားပါသည်-

**တစ်ဦးနှင့် တစ်ဦး အပြန်အလှန် လေးစားစွာ ဆက်ဆံမည်။**

### ကျောင်းမှ ပံ့ပိုးပေးမည့်အစီအစဉ်များ

NSW အစိုးရစာသင်ကျောင်းများအနေဖြင့် ကျောင်းသား/ကျောင်းသူများ၏ ပညာသင်ကြားမှုကို အထောက်အကူပြုစေရန်အတွက် ကျောင်းသား/ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ကျောင်းပတ်ဝန်းကျင်တစ်ရပ်လုံးအတွက် အပြု သဘောဆောင်သော သင်ကြားရေးဝန်းကျင်တစ်ရပ်ဖြစ်လာအောင် ဖန်တီးဆောင်ရွက်ပေး သွားမည်ဖြစ်သည်။ ကျောင်းသား/ ကျောင်းသူ တစ်ယောက်ချင်းစီကို သိရှိအောင်၊ တန်ဖိုးရှိအောင်၊ ဂရုစိုက်နိုင်အောင် ကျွန်တော်တို့ဘက်မှ ဆောင်ရွက်သွားမည်။

**ကျောင်းသား/ ကျောင်းသူများ၏ မိဘများနှင့် ကျောင်းများ အတူတကွ ကြိုးပမ်းဆောင်ရွက်မှသာလျှင် အကောင်းဆုံးသောပညာရေးတစ်ရပ် ဖြစ်ပေါ်လာစေမည်ဖြစ်သည်။**

ကျောင်းပတ်ဝန်းကျင်ဆိုင်ရာ ပဋိညာဉ်စာတမ်း သည် NSW Department of Education မဟာဗျူဟာ စီမံကိန်း 2018 – 2022 နှင့် အညီ ပြဌာန်းထား ခြင်းဖြစ်သည်။



### အပြုသဘောဆောင်သောသင်ကြားရေး ဝန်းကျင်များ

NSW အစိုးရစာသင်ကျောင်းများအနေဖြင့် အပြုသဘောဆောင်သောသင်ကြားရေးဝန်းကျင် ဖန်တီးပေးရေးနှင့် ကျောင်းသား/ ကျောင်းသူများ ၏ မိဘများနှင့် ဝန်ထမ်းများအနေဖြင့်လည်း ကျောင်းသား/ ကျောင်းသူများ၏ တိုးတက်မှုများ ၊ ကျောင်း၏ထုတ်ပြန်ချက်များကို အစဉ်တစိုက် အသိပေးတင်ပြသွားရန် အရေးကြီးပါသည်။

ကျောင်းသား/ ကျောင်းသူများ ၏ မိဘများနှင့် ကျန်းမာရေးစောင့်ရှောက်သူများအနေဖြင့် အောက်ပါအချက်များကို မျှော်မှန်းနိုင်သည်-

- ကျောင်းသား/ ကျောင်းသူများ၏ တတ်မြောက် မှုကို မြှင့်တင်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများ ကို မိမိတို့၏ကျောင်းများမှ ကြိုဆိုခြင်း၊
- ကျောင်းဝန်ထမ်းများထံမှ အချိန်မီ ယဉ်ကျေးပျူငှာသော၊ သတင်းအချက်အလက် မှန်ကန် သော ဆက်သွယ်ဆောင်ရွက်မှုများ ရရှိနိုင်ခြင်း၊
- ကျောင်းဝန်ထမ်းများကနေ အဆက်အသွယ်ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ ရိုးသားမှု၊ အပြန်အလှန် လေးစားမှုရှိမည်။
- တရားမျှတသော ပြုမူဆက်ဆံမှုများကို ဆောင်ရွက်ပေးနိုင်ရန်၊ မတူကွဲပြားမှုများကို လေးစားခြင်းကို မြှင့်တင်အားပေးသည့်အနေဖြင့် စိတ်ရှည်သည်းခံမှုနှင့် နားလည်မှုတို့ကို ကျင့်သုံးသွားမည်။

**ကျွန်တော်တို့အနေဖြင့် ကျောင်းသား /ကျောင်းသူ များနှင့် ဝန်ထမ်းများ၏ ကောင်းကျိုးကို ဦးစားပေး မည်။**

**ကျွန်ုပ်တို့၏ ကျောင်းများအတွင်း၌ လုံခြုံမှုမရှိသောအပြုအမူများကို လက်ခံမည်မဟုတ်ပါ။**

**ကျွန်တော်တို့အနေဖြင့် ကျောင်းနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။**

**NSW အစိုးရစာသင်ကျောင်းများ၏ အဖွဲ့ဝင်များ အားလုံးအတွက် လေးစားမှုရှိသော သင်ကြားရေး ဝန်းကျင်များ ဖြစ်စေရမည်ဖြစ်သည်။**




ကျွန်တော်တို့အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိသော သင်ကြားရေးပတ်ဝန်းကျင်များ ဖန်တီးပေး သွားမည်ဖြစ်သည်။

ကျွန်တော်တို့အားလုံး အတူတကွ ပါဝင်ဆောင်ရွက် သွားမည်ဖြစ်သည်။

ကျွန်တော်တို့အနေဖြင့် ကျောင်းသား/ ကျောင်းသူ များ၏ သင်ကြားမှုကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

## ကျောင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း



ကျောင်းဝန်ထမ်းများအနေဖြင့် အပြည့်အဝ အာရုံစိုက်မှုအတွက် အချိန်ပေးမည်။ ကျောင်း ဝန်ထမ်းများအနေဖြင့် စာသင်ခန်းထဲတွင် ရောက်ရှိနေချိန်နှင့် အခြားကိစ္စများ ဆောင်ရွက် နေချိန်တို့တွင် မိတ်ဆွေများ၏ မေးမြန်းချက် များကို ချက်ချင်း ဖြေဆိုနိုင်မည်မဟုတ်သည်ကို သတိပြုစေလိုပါသည်။

ကျွန်တော်တို့၏ ကျောင်းများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက သင့်လျော်မှုရှိသော၊ မျှတ သော၊ အလွယ်တကူဖတ်ရှုနိုင်သော စာဖြင့် ဆက်သွယ်မှုကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် ကျောင်းနှင့် ဆက်သွယ် ဆောင်ရွက်ရန် ဖြစ်စေ၊ ကျောင်းပတ်ဝန်းကျင် အတွင်း ရှေ့ဆက်ဆောင်ရွက်မည့် လှုပ်ရှားမှု များနှင့်ပတ်သက်၍ အမြဲသိရှိစေရန်အတွက် ဖြစ်စေ မိတ်ဆွေတို့အား အီးမေးလ်နှင့် လူမှုကွန်ရက်မီဒီယာတို့ကို သင့်လျော်သလို အသုံးပြုစေလိုပါသည်။

တိုင်ကြားမှုများနှင့် ပတ်သက်သော အသုံးဝင် သည့် အချက်အလက်များနှင့် ပတ်သက်၍ ကျောင်းသား/ ကျောင်းသူများ၏ မိဘများ၊ ဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများ အတွက် လမ်းညွှန်ချက်များကို အောက်ပါလင့်ခ် တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ https://education.nsw.gov.au/about-us/rights-and-accountability/complaints-compliments-and-suggestions/guide-for-parents-carers-and-students



## လေးစားမှုရှိသော ဆက်သွယ်ဆောင်ရွက်မှုသည် ရပိုင်ခွင့်တစ်ရပ်ဖြစ်သည်

လုပ်ငန်းခွင်အားလုံးရှိ သက်ဆိုင်သူများအနေဖြင့် လေးစားမှုကို ခံစားနိုင်ခွင့် ရှိမည်ဖြစ်သည်။ လက်မခံနိုင်သော၊ စိတ်အနှောင့်အယှက်ဖြစ်စေ သော အပြုအမူများအတွက် ကျွန်ုပ်တို့ ကျောင်း ပတ်ဝန်းကျင်တွင် လက်မခံပါ။

ကျောင်းသား / ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ကျောင်းအုပ်စုများ၏ ကောင်းကျိုးဖြစ်ထွန်းစေ ရန်အတွက် လက်မခံနိုင်သောအပြုအမူများကို ထိရောက်စွာ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ် သည်။ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျောင်းအသိုက်အဝန်းများနှင့် ဆက်သွယ်မှုများ ကန့်သတ်ခြင်း (သို့မဟုတ်) အလွန်ဆိုးရွားသည့် ဖြစ်စဉ်များကို NSW ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေး ခြင်းတို့ ပါဝင်သည်။



## လက်မခံနိုင်သောအပြု များအနက်၊ အပြု အမူအချို့မှာ အောက်ပါ အတိုင်းဖြစ်ပြီး

- အကြမ်းဖက်မှု၊ ခြိမ်းခြောက်သည့်အပြုအမူများ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာချဉ်းကပ်စော်ကားမှု စသည့် ရန်ပြုလိုသော သို့မဟုတ် ခြိမ်းခြောက် သောလုပ်ရပ်များ၊
- ညစ်ညမ်းသောစကားလုံးသုံးစွဲမှုများ၊ ကျား/မ ခွဲခြားဆက်ဆံမှု၊ လူမျိုးရေးအရခွဲခြားဆက်ဆံ ခြင်း သို့မဟုတ် ရိုင်းစိုင်းသောဝေဖန်မှုများ သို့မဟုတ် ရိုင်းပျသောလေသံများ သုံးစွဲခြင်း စသည့် ရန်ပြုလိုသော သို့မဟုတ် ခြိမ်းခြောက် သော စကားအသုံးအနှုန်းများ၊
- ကျောင်းပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့ဝင်များနှင့် ဆက်သွယ်ရာတွင် ၎င်းတို့၏ ကိုးကွယ်မှုဘာသာ သို့မဟုတ် ချို့ယွင်းချက်အလိုက် ကွဲပြားစွာ ပြုမူဆက်ဆံခြင်း၊
- သင့်လျော်မှုမရှိသော အချိန်ဖြုန်းသော ဆက်သွယ်ပြောဆိုမှုများ။